**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**ကာကွယ်ရေးဝန်ကြီးဌာန**

mod@nugmyanmar.org


# ကြေညာချက် အမှတ် (၄ /၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆုတ် ၁၄ ရက်

(၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလ ၄ ရက်)

## " စစ်ကောင်စီ၏ နိုင်ငံရေးလှည့်ကွက်များအပေါ် ဆန့်ကျင်ရှုံ့ချကြောင်း ကြေညာချက် "

၁။ အကြမ်းဖက်စစ်ကောင်စီသည် ၂၀၂၁ ခုနှစ် စက်တင်ဘာ (၂၇) ရက်စွဲဖြင့် အချိန် ငါးလ ကြာမြင့်မည့် အပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်ကို လည်းကောင်း ၊ စက်တင်ဘာလ (၃၀) ရက် သတင်းစာရှင်းလင်းပွဲတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်မည်ဟု ဖော်ထုတ်ပြောဆိုခဲ့သည် ကိုလည်းကောင်း တွေ့ရသည်။

၂။ စစ်အုပ်စုအနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ (၂၁)ရက်တွင် ပထမဆုံးအကြိမ် အပစ်အခတ် ရပ်စဲကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ယခုအကြိမ်ထုတ်ပြန်ချက်မှာ အကြိမ် ( ၂၀ ) မြောက်ဖြစ်ပေသည်။

၃။ စစ်အုပ်စု၏ အပစ်အခတ်ရပ်စဲကြောင်း အကြိမ်ကြိမ်ကြေညာခဲ့သမျှသည် တစ်နိုင်ငံလုံး သဘောမဆောင်ရုံသာမက အမှန်တကယ်ငြိမ်းချမ်းရေးရယူလိုခြင်းမရှိဘဲ နိုင်ငံရေးလှည့်ကွက်အဖြစ် ဟန်ပြလုပ်ဆောင်ခြင်းသာဖြစ်ပြီး အပစ်အခတ်ရပ်စဲကြောင်း ကြေညာပြီးချိန်တိုင်း တိုင်းရင်းသားနယ်မြေများတွင် စစ်အင်အား တိုးချဲ့ချထားခြင်း ၊ အဆက်မပြတ် ကျူးကျော်တိုက်ခိုက်ခြင်းအားဖြင့် ပြည်တွင်းစစ်ဘောင်ကို ချဲ့ထွင်ခဲ့သည်ကိုသာ တွေ့ရမည်ဖြစ်သည်။ စစ်အုပ်စုကိုင်စွဲထားသော နိုင်ငံရေးတွင် စစ်တပ်ကအစဉ် ဗိုလ်ကျလွှမ်းမိုးရေး သဘောထားဖြင့်ဘယ်သောအခါမှစစ်မှန်သောငြိမ်းချမ်းရေးကိုရယူနိုင်မည်မဟုတ်ပေ။

၄။ ဖေဖော်ဝါရီ (၁) ရက်နေ့တွင် လက်နက်အားကိုးဖြင့် တရားမဝင် အဓမ္မအာဏာသိမ်းပြီးနောက် အပြစ်မဲ့ပြည်သူ (၁၁၀၀) ကျော်ကို ညှဥ်းပန်းနှိပ်စက်သတ်ဖြတ်ပြီး ဖြစ်ရုံသာမက အကြမ်းဖက်မှု၊ စစ်ရာဇဝတ်မှုများကို ဆက်တိုက် ကျူးလွန်နေခြင်းကြောင့် မြန်မာပြည်သူများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တရားမျှတသော ခုခံတွန်းလှန်စစ်ကို ဆင်နွှဲနေချိန်တွင် ထုတ်ပြန်သောကြေညာချက်များ ဖြစ်သည့်အတွက် နိုင်ငံရေးလှည့်စားမှုသက်သက် ဖြစ်သည်မှာ ပို၍ထင်ရှားသည်။

၅။ ဤထုတ်ဖော်ကြေညာချက်များ၏ အတွင်းသဘောမှာ -

(က) အမျိုးသားညီညွတ်ရေးအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား သွေးခွဲသပ်လျှိုရန်

( ခ ) တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အချင်းချင်းအကြား သွေးခွဲသပ်လျှိုရန်

( ဂ ) တိုင်းရင်းသားလူမျိုးတစ်ခုအတွင်းမှာပင် အမြင်သဘောထားများ အကွဲကွဲအပြားပြားဖြစ်အောင် သွေးခွဲသပ်လျှိုရန်

(ဃ) ၎င်းတို့၏ အကြမ်းဖက်မှု သရုပ်မှန်ကို ဖုံးကွယ်ရန်နှင့်ငြိမ်းချမ်းရေး မျက်နှာဖုံးတပ်လျှက် နိုင်ငံတကာသို့ လိမ်လည်လှည့်ဖျားရန် ရည်ရွယ်ခြင်းသာ ဖြစ်သည်ဟု မှတ်ယူနိုင်သည်။

၆။ ပကတိအခြေအနေတွင် နိုင်ငံရေး ၊ စီးပွားရေး ၊ လူမှုရေး ၊ စစ်ရေး ၊ သံတမန်ရေး စစ်မျက်နှာအစုံတွင် အရေးနိမ့်လျက်ရှိသော စစ်ကောင်စီအနေဖြင့် အသက်ဆက်ခွင့်ရလိုရငြား နိုင်ငံရေး ထွက်ပေါက်ရှာခြင်း ဖြစ်သည့်အတွက် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် စစ်ကောင်စီ၏ နိုင်ငံရေး လှည့်ကွက်များအပေါ် ကန့်ကွက်ရှုံ့ချကြောင်း ဖော်ပြအပ်သည်။

၇။ စစ်အာဏာရှင်ဆန့်ကျင်ဖယ်ရှားရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်ရေး ဘုံရည်မှန်းချက်ထားရှိသော တော်လှန်ရေးအင်အားစုအားလုံးသည် တော်လှန်ရေးသတိ၊ တော်လှန်ရေးသတ္တိ ဖြင့် ဘုံရန်သူ စစ်ကောင်စီ ကျဆုံးသည်အထိ ခုခံတွန်းလှန်စစ်ကို ဆက်လက်ဆင်နွှဲသွားမည် ဖြစ်ကြောင်း သဘောထား ထုတ်ပြန်အပ်သည်။

ပုံ

( ရည်မွန် )
ပြည်ထောင်စုဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ